
We help companies make better financial decisions
Tokyo Consulting Firm Co., Ltd.
TCF
+(95)9-423-776-293
Room No. 608, 5th floor, Golden Link Condominium No. 456 A/B, Corner of Dhammazedi Road and Link Lane, Bahan Township, Yangon Region, Myanmar
tcgmm.sales@gmail.com
http://www.tokyoconsultingfirm.com/myanmar/

Myanmar News Letter

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဆိုက်ဘာလုံခြုံရေးဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေ အမှတ် ၁ / ၂၀၂၅)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အကြောင်းအရာအပြည့်အစုံအားအောက်ပါ Link တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://www.moi.gov.mm/index.php/laws/65588

(1) The Republic of the Union of Myanmar: Cybersecurity Law by the State Administration Council (State Administration Council Law No. 1/2025)

3rd Waxing Day of Pyatho, 1386 ME (1st January 2025)

The State Administration Council, in accordance with Section 419 of the Constitution of the Republic of the Union of Myanmar, has promulgated this law.

For the full content and details, please visit the link below.

https://www.moi.gov.mm/index.php/laws/65588

(၂) အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၀၇ / ၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်

တင်သွင်းတင်ပို့သူများ၊ အကောက်ခွန်ကြေညာတင်သွင်းသူများ သိရှိနိုင်ပါရန်

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြေညာစာအမှတ် (၉၀ / ၂၀၂) အရ အကောက်အခွန်ဦးစီးဌာနသည် ၁.၁.၂၀၂၅ ရက်နေ့မှစ၍ တင်သွင်း၊ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်ထုတ်ပြန်သော ရည်ညွှန်းငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့် အခွန်ကောက်ခံလျက်ရှိရာမှ ၎င်းအစား ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကိုအခြေခံသည့် အပတ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) ဖြင့်ပြောင်းလဲ၍ အခွန်စည်းကြပ် ကောက်ခံမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ အခွန်စည်းကြပ်ကောက်ခံရာတွင် အသုံးပြုမည့် ဈေးကွက်ငွေလဲလှယ်နှုန်း (Market Trading Rate) ကို အခြေခံ၍ အပတ်စဉ် နိုင်ငံခြားငွေလဲလှယ်နှုန်း (Weekly Exchange Rate) များကိုလည်း အကောက်ခွန်ဦးစီးဌာန၏ Website၊ Facebook Page များတွင် အပတ်စဉ် ထုတ်ပြန်ကြေညာပေးသွားပါမည်။

Reference Link: https://maccs.gov.mm/node/3025

(2) Announcement No. (007/2024) Customs Department, MACCS Division

Date: December 27, 2024

1. According to Notification No. (90/2024) issued by the Ministry of Planning and Finance, Union Minister's Office, the Customs Department will implement a change effective from January 1, 2025. Currently, customs duties for imported and exported goods are calculated based on the **Reference Exchange Rate** (published daily by the Central Bank of Myanmar). However, starting from the mentioned date, the customs duties will instead be calculated using the **Market Trading Rate**. This Market Trading Rate will serve as the basis for determining the **Weekly Exchange Rate** used for taxation purposes. This change is officially announced to notify stakeholders and ensure compliance with the new system.

2. The **Market Trading Rate**, which will be used as the basis for customs duty calculations, will also be used to determine the **Weekly Exchange Rate**. These Weekly Exchange Rates will be published on the Customs Department's official **Website** and **Facebook Page** on a weekly basis.

Reference Link: https://maccs.gov.mm/node/3025

(၃) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်များအား ကာကွယ်တားဆီးနိုင်ရေး အများပြည်သူသို့အသိပေးခြင်း

(၂၀၂၄၊ ဒီဇင်ဘာ ၃၁)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မိုဘိုင်းငွေကြေးသုံးစွဲသူများအနေဖြင့် မသမာသူများမှ နည်းပညာအသုံးပြု လိမ်လည်ခြင်းများအား ကာကွယ်ရန် ဆောင်ရန်ရှောင်ရန်များနှင့် လုပ်ဆောင်ရမည့်အချက်များအား အသိပေး ကြေညာထားပါသည်။

Reference Link: https://cbm.gov.mm/content/9337

(3) Public Announcement by the Central Bank of Myanmar: Preventing Fraudulent Activities Through Mobile Financial Services

31-12-2024

The Central Bank of Myanmar has issued a notice to mobile money users, providing guidelines and precautions to prevent potential fraud by malicious individuals exploiting technology. The announcement highlights the necessary actions and preventive measures that users should take to safeguard themselves.

Reference Link: https://cbm.gov.mm/content/9337

(၄) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ခစားအပ်ကုန်စနစ်ဖြင့် ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ အပေါ်အကောက်ခွန်အားလုံးကို ကင်းလွတ်ကြောင်းကြေညာခြင်း

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေ ပုဒ်မ ၂၃ နှင့် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၇ တို့အရ လက်ခစားအပ်ကုန်စနစ်ဖြင့် ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်း ပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများ အပေါ် အကောက်ခွန်အားလုံးကို ကင်းလွတ်ကြောင်းခွင့်ပြုလိုက်သည်။

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-77-2024.pdf

(4) The Ministry of Planning and Finance has announced a full exemption from customs duties on all raw materials and packaging materials imported under the consignment system

(November 13, 2024)

The Ministry of Planning and Finance, in accordance with Section 23 of the Maritime Customs Law and Section 7 of the Customs Tariff Law, has granted a full exemption from customs duties on raw materials and packaging materials imported under the consignment system.

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-77-2024.pdf

(၅) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ခစားအပ်ကုန်စနစ်ဆိုင်ရာ အကောက်ခွန် လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်ကြေညာခြင်း

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လက်ခစားအပ်ကုန် စနစ်ဆိုင်ရာ အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍

အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များတွင် လက်ခစားစနစ်အဓိပ္ပာယ်၊ မလွှန်ဆန်နိုင်သောဖြစ်ရပ်များ၊ ကုန်ကြမ်းပစ္စည်းနှင့်ထုပ်ပိုးများဆိုသည်မှာ စသည်ဖြင့်ရှင်းလင်းဖော်ပြထားပါသည်။

အခန်း(၂) သွင်းကုန်၊ ထုတ်ကုန်ကြေညာလွှာတင်သွင်းရာတွင် ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ နှင့် လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောပြုလုပ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရာတွင် ထုတ်ကုန်ကြေညာ လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ

အခန်း(၃) ပြန်လည်တင်ပို့ရမည့်ကာလသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်း

အခန်း(၄) အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မတင်ပို့နိုင်ခြင်းနှင့် လွှဲပြောင်းရောင်းချခြင်း

အခန်း(၅) စာရင်းဇယားများထားရှိခြင်း

အခန်း(၆) အထွေထွေ

စသည်ဖြင့်အထက်ပါအကြောင်းအရာများကိုရှင်းလင်းဖော်ပြထားပါသည်။

အကြောင်းအရာပြည့်စုံအားအောက်ပါ Link တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-75-2024.pdf

(5) Announces procedures for the CustomsDuties Payment System by The Ministry of Planning and Finance

(November 13, 2024)

The Ministry of Planning and Finance has outlined procedures related to the Customs Duty Payment System as follows:

Chapter1: Definitions and Explanations

This chapter provides clarity on terms such as the meaning of the Duty Payment System, unavoidable circumstances, raw materials, and packaging, among others.

Chapter2: Required Documentation

Details the documents to be submitted along with import/export declarations and the necessary paperwork for re-exporting processed goods under the Duty Payment System.

Chapter3: Timeframes and Extensions

Specifies the deadlines for re-exportation and procedures for applying for extensions.

Chapter 4: Inability to Re-export and Sale/Transfer of Goods

Explains the procedures in cases where re-exportation is not possible due to various reasons, as well as the process for transferring or selling goods.

Chapter 5: Record Maintenance

Outlines the requirements for maintaining accurate records.

Chapter 6: Miscellaneous

Covers other general information related to the system.

Further details on these topics can be accessed via the link provided below.

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-75-2024.pdf

(၆) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁၀ နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁၄၀/၉၄ တို့ကိုရုပ်သိမ်းကြောင်းကြေညာခြင်း**

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၈-၁၂-၁၉၉၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀ နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၇-၁၁-၁၉၉၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄၀/၉၄ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းလိုက်သည်။

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-76-2024.pdf

(6) **Announcement of the Revocation of Notification No. 10 Issued by the Ministry of Planning and Finance, and Notification No. 140/94 Issued by the Ministry of Finance and Revenue**

(November 13, 2024)

The Ministry of Planning and Finance, exercising the authority conferred under Section 204 of the Sea Customs Act, hereby revokes Notification No. 10 dated December 8, 1991, issued by the Ministry of Planning and Finance, and Notification No. 140/94 dated November 7, 1994, issued by the Ministry of Finance and Revenue, through this announcement.

Reference Link: https://customs.gov.mm/wp-content/uploads/2024/12/Notification-No-76-2024.pdf

(၇) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်၍ Tradenet 2.0 စနစ်နှင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ် (e-Registration Management System)တို့ ချိတ်ဆက်ပို့ဆောင်ရမည့်အချက်များအား အသိပေးကြေညာခြင်း

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

၁။ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းပိုမိုအဆင်ပြေစေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 စနစ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အီလက်ထရောနစ်အခွန်ထမ်းမှတ်ပုံတင် စနစ် တို့အကြား စနစ်ချင်း ချိတ်ဆက်အသုံးပြုနိုင်ရေးဆောင်ရွက်ထားရှိပါသည်။

၂။ ထိုစနစ်ချိတ်ဆက်မှုအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အသစ်နှင့် သက်တမ်းတိုးလျှောက် ထားခြင်းများ ဆောင်ရွက်မည့် ကုမ္ပဏီ၊ အသင်းအဖွဲ့နှင့် သမဝါယမအသင်း တို့သည် ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ဝန်ထမ်းမှတ်ပုံတင်စနစ် (https://eregistration.ird.gov.mm) တွင် အခွန်ထမ်းမှတ်ပုံတင်လက်မှတ်ကို ဦးစီးလျှောက်ထားရယူပြီးမှ Tradenet 2.0 စနစ်တွင် ဝင်ရောက်လျှောက်ထားရပါမည်။

၃။ သို့ဖြစ်၍ Tradenet 2.0 စနစ်တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ်လျှောက်ထားခြင်းများကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ သက်တမ်းတိုးလျှောက်ထားခြင်းများကိုလည်းကောင်း၊အခွန်ထမ်းမှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ဖြစ်ပြီးမှသာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

Reference Link:

https://commerce.gov.mm/my/article/piukunsngkunnngpttsksnnysttnglaa/31826

(7) Announcement by the Ministry of Commerce Regarding the Integration of Tradenet 2.0 System and the Taxpayer Registration System (e-Registration Management System) for Import and Export Processes (October 24, 2024)

1. To enhance the efficiency of trade operations, the Department of Trade has implemented a system integration between the TradeNet 2.0 system and the Electronic Taxpayer Registration System of the Internal Revenue Department (IRD).

2. Under this integration, companies, associations, and cooperatives applying for new registration certificates or renewals for import and export businesses must first obtain a Taxpayer Registration Certificate through the IRD's e-Registration Management System (accessible at https://eregistration.ird.gov.mm) before submitting applications in the TradeNet 2.0 system.

3. Effective from November 1, 2024, all new applications for import and export business registration certificates must comply with this requirement. Similarly, starting from January 1, 2025, applications for certificate renewals will also be accepted only after obtaining taxpayer registration through the e-Registration Management System.

ReferenceLink:
https://commerce.gov.mm/my/article/piukunsngkunnngpttsksnnysttnglaa/31826

(၈) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ ဖွဲ့စည်းမှတ်ပုံတင်ပြီးသည့်ကုမ္ပဏီများမှ အစုရှယ်ယာပြောင်းလဲခြင်းနှင့် ဒါရိုက်တာ ပြောင်းလဲခြင်း တင်ပြရာ၌ အငြင်းပွားမှုမရှိစေရန် MyCO စနစ်သို့တင်ပြရာတွင် အောက်ပါ အထောက် အထားများကို mycodica2.core@gmail.com (သို့မဟုတ်) mycodica3.core@gmail.com သို့ပူးတွဲ ပေးပို့တင်ပြ ရန် အသိပေးကြေညာထားပါသည်။

(က) အစုရှယ်ယာပြောင်းလဲခြင်း ပုံစံ (ဂ-၃) တင်ပြရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၈၃ နှင့်အညီ ဆောင်ရွက်ထားသည့် လိုအပ်သောစာရွက်စာတမ်းများ

(ခ) ဒါရိုက်တာပြောင်းလဲခြင်း ပုံစံ (ဃ-၁) တင်ပြရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၈၉ နှင့် အညီ လိုအပ်သောစာရွက်စာတမ်းများ

၂။ အထောက်အထားပူးတွဲ၍ တင်ပြလာသောလျှောက်လွှာပုံစံများကိုသာ စိစစ်အတည်ပြုဆောင်ရွက် ပေးမည်ဖြစ်ပြီး ၁-၄-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အသိပေးကြေညာချက်ပါ နှစ်လအတွင်း တင် ပြရမည့်အထောက်အထားများကို mycodica2.core@gmail.com (သို့မဟုတ်) mycodica3.core@gmail.com သို့ပေးပို့ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

(ဤအသိပေးကြေညာချက်သည် ၈-၁-၂၀၂၅ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်ပါမည်။)

Reference Link: https://www.dica.gov.mm/my/2025/01/07/company_notice_mm/

(8) Announcement to Companies Regarding Filing Procedures

1. In order to avoid any controversy about filing of changes in shareholding and directors in registered company, this announcement notify the companies to submit the following requirements and documentations to prescribed email as mycodica2.core@gmail.com or mycodica3.core@gmail.com .

(a) Change in Shareholding (Form C-3):

According to Section 83 of the Myanmar Companies Law, the following documents must be submitted:

(b) Change in Directors (Form D-1):

In accordance with Section 189 of the Myanmar Companies Law, the following documents are required along with the copy of Citizenship Scrutiny Card or Passport of Director

2. Only applications with duly requirements and documentations shall be processed. Additionally, this announcement notify to companies to submit requirements and documentations required under Announcement issued on the date of 1st April 2023 to the prescribed email mycodica2.core@gmail.com or mycodica3.core@gmail.com.

(Note: This notification will take effect from 8th January 2025)

Reference Link: https://www.dica.gov.mm/my/2025/01/07/company_notice_mm/

(၉) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ Struck Off ကုမ္ပဏီစာရင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင် ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၅၀၀ ခုအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၃၀ (စ) အရမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off) အဖြစ် ဤအမိန့်ကြော်ညာစာ ထုတ်ပြန်သည့်နေ့မှစ၍ ကုမ္ပဏီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်သည်။

အမိန့်ကြော်ညာစာအမှတ်၊ (၁၉၂ / ၂၀၂၄) ၉ ဒီဇင်ဘာ ၂၀၂၄ ၊ (ကုမ္ပဏီ ၅၀၀)

Reference Link: https://www.dica.gov.mm/?post_type=post&p=33815&language=my

(9) Directorate of Investment and Company Administration Notifications

In accordance with Section 97 of the Myanmar Companies Law, the 500 companies that failed to submit their annual returns have been struck off the company registry in accordance with Section 430 (f) of the Myanmar Companies Law. This Notification declares that these companies are Strike off from the registry effective from the date of this announcement.

Notification No. 192/2024 (9 December 2024) List of companies struck off from the company registration

Please see the detail list of companies in below link.

Reference Link:

https://www.dica.gov.mm/sites/default/files/document-files/170_struck_off.pdf

(၁၀) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ Struck Off ကုမ္ပဏီစာရင်း ကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင် ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ ၅၀၀ ခုအား မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၄၃၀ (စ) အရမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off) အဖြစ် ဤအမိန့်ကြေညာစာ ထုတ်ပြန်သည့်နေ့မှစ၍ ကုမ္ပဏီ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်သည်။

အမိန့်ကြေညာစာအမှတ်၊ (၁၉၇ / ၂၀၂၄) ၁၆ ဒီဇင်ဘာ ၂၀၂၄ ၊ (ကုမ္ပဏီ ၅၀၀)

Reference Link: https://www.dica.gov.mm/?post_type=post&p=34794

(10) Directorate of Investment and Company Administration Notifications

In accordance with Section 97 of the Myanmar Companies Law, the 500 companies that failed to submit their annual returns have been struck off the company registry in accordance with Section 430 (f) of the Myanmar Companies Law. This order declares that these companies are strike off from the registry effective from the date of this announcement.

Notification No. 197/2024 (16 December 2024) List of companies struck off from the company registration

Please see the detail list of companies in below link.

Reference Link: https://www.dica.gov.mm/?post_type=post&p=34794

Tokyo Consulting Firm Co., Ltd.

One stop service for Myanmar

【Market Research / Feasibility Study】
* Market Research
* Business Environment
* Planning of Business Scheme
* Introduction of Real Estate
* Attend Feasibility Study
* Translator

【Business Partner Selection】
* Matching with Distributer/Retailer
* Matching JV Partner
* Inspection for Candidate of Partner

【Company Formation】
* Company Registration
* Supporting for Investment Proposal
* Business License Application
* Preparation of JV Agreement
* Register of Patents & Trademarks

【Accounting Tax Service】
* Advisory of Accounting and Taxation
* Bookkeeping
* Tax Payment / Return
* Statutory Audit
* Monthly Reporting Service
* Preparation of Consolidated Package
* Transfer Price

【Payroll / HR / Visa (Work Permit)】
* Payroll Services
* Preparation of Employment Contract
* Preparation of Company Regulations
* Installation & Operation of Evaluation System
* Human Resources Visionary Consulting (HRVC)
* Visa Extension & Work Permit

【M&A & Due Diligence】
* Financial / Legal Due Diligence Support
* Valuation and Financial Advisory Services

About us

Tokyo Consulting Firm Co., Ltd.

【Establishment】
4th June, 2012

【Address】
Room No. 608, 5th Floor, Golden Link Condominium, No. 456 A/B, Coner of Dhammazedi Road and Link Lane, Bahan Township, Yangon Region, Myanmar.

【Contact】
Tel: +95-(0)9-423776293
URL: http://www.kuno-cpa.co.jp/

【Japanese Staff】
田附 浩明 *Hiroaki Tatsuki (Director, JICPA member)*
近藤貴政 *Takamasa Kondo*

【Myanmar Staff】
Total 20 staff
(2 CPA)

Tokyo Consulting Group

【Office Location oversea】
Japan (Tokyo, Yokohama, Nagoya, Osaka), China (Shanghai, Dalian), Hong Kong, Mongolia (Ulaanbaatar),Russia (Moscow), India (Gurgaon, Chennai, Bangalore, Mumbai, Pune), Bangladesh (Dhaka), Pakistan (Lahore), Sri Lanka (Colombo), Thailand (Bangkok),Vietnam (Ha Noi, Ho Chi Minh City), Myanmar (Yangon), Laos (Vientiane), Cambodia (Phnom Penh), Indonesia (Jakarta, Bali, Bandung), Philippines (Manila, Cebu), Singapore, Malaysia (Kuala Lumpur), Turkey (Istanbul), UAE (Dubai, Abu Dhabi), South Africa (Johannesburg), Morocco (Casablanca), Nigeria (Lagos), Kenya (Nairobi), Brazil (Sao Paulo), Mexico (Mexico City), Colombia (Bogota),Peru (San Isidro Lima)

【Contact】

+95-(0)9-459-663-823 Takamasa Kondo (Mr.) (Japanese)
kondo.takamasa@tokyoconsultinggroup.com
+95-(0)9-9707-42183 Aung La Pyae (Mr.)(Myanmar)
tcgmm.sales@gmail.com